Japan International Cooperation Agency

**Press Release**

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

## "လက်ဆေးကြပါစို့"
## သန့်ရှင်းသောလက်များသည်အသက်ကိုကယ်နိုင်၏

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC) နှင့်အတူပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင်ရှိသော အိမ်ထောင်စု ၈၅၀၀ခန့်၊ စာသင်ကျောင်း ၁၇ ကျောင်း နှင့်ဆေးရုံ ၁ ရုံ တို့၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး အတွက် ရည်ရွယ်ပြီး"လက်ဆေးကြပါစို့" လူထုအသိပညာပေးလှုပ်ရှားမှု တရပ်ကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အဆိုပါလူထုအသိပညာပေးလှုပ်ရှားမှုသည် "ရန်ကုန်မြို့ ရေပေးဝေရေး စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း" ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှု စီမံကိန်း၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လက်သန့်ရှင်းရေး အလေ့အကျင့်နှင့် ပတ်သက်၍ လက်ကိုဆပ်ပြာနှင့်ရေကိုအသုံးပြု၍ စနစ်တကျနှင့် မှန်ကန်စွာ ဆေးကြောရန် အသိပညာမြှင့်တင်ရေးကို အထောက်အကူပြုမည်ဖြစ်ပါသည်။

ရပ်ရွာလူထုအတွင်း လက်သန့်ရှင်းရေးအသိပညာ တိုးတက်လာစေရန်အတွက် JICA ၏ပံ့ပိုးမှုဖြင့် အဆိုပါမြို့နယ်ရှိ ဒေသခံများထံ လက်ဆေးဆပ်ပြာရည်ဗူး အရေအတွက် ၈,၇၀၀ နှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ပေးအပ်ဖြန့်ဝေခဲ့ပါသည်။ လက်ဆေးခြင်းသည် ယခုအချိန်တွင် မိမိကိုယ်ကိုကာကွယ်ရန်အတွက် အကောင်းဆုံးလုပ်နိုင်သော အရာပင်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် စဥ်ဆက်မပြတ်ရေရရှိရေးအတွက် ရေသိုလှောင်ရန် (၈၀၀)ဂါလံဆန့် ရေတိုင်ကီ (၃)လုံးကိုလည်း လှူဒါန်းခဲ့ပါသည်။

ဆပ်ပြာဖြင့်လက်ဆေးခြင်း၏အရေးပါမှုနှင့်ပတ်သက်၍ လူအများ၏အသိအမြင်နှင့်နားလည်မှုကို တိုးမြှင့်လာစေရန် တစ်ကမ္ဘာလုံးဆိုင်ရာ လက်ဆေးခြင်းနေ့ကို ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် "လူသားအားလုံးအတွက်လက်သန့်ရှင်းရေး" ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိကာ ရောဂါပိုးများ

နှင့်ကူးစက်ရောဂါများမှ ကာကွယ်နိုင်စေရန်ဖြစ်ပြီး၊ ယခုဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါသည် ဆပ်ပြာဖြင့်လက်ဆေးခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ခံထားရသောလူနာအရေအတွက်သည် နေ့စဉ်နှင့်အမျှ မြင့်တက်နေဆဲဖြစ်သောကြောင့် COVID-19 ကူးစက်ပျံ့နှံ့မှုမှကာကွယ်ရန် လက်များကို သန့်ရှင်းအောင်ထားခြင်းသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် JICA အနေဖြင့် ကျန်းမာရေး အသိပညာအားနည်းသော နေရာဒေသများတွင် လက်သန့်ရှင်းရေးစနစ်ကို ပိုမိုလက်လှမ်းမီနိုင်ရန်နှင့် လက်သန့်ရှင်းရေး၏အရေးကြီးပုံကို သိရှိနားလည်ရန် ယခုကဲ့သို့ လူထုအသိပညာပေး လုပ်ငန်းများလုပ်ဆောင်လျက်ရှိပြီး၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် ကျရောက်လာနိုင်သော အနာဂတ်အန္တရာယ်များကို ပိုမိုခံနိုင်ရည်ရှိအောင် ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ပါသည်။

JICA သည် COVID-19 ရောဂါတိုက်ဖျက်ရာတွင် COVID-19 ကပ်ရောဂါကြောင့်ဆုံးရှုံးမှုနှင့် COVID-19 အရေးပေါ်အခြေအနေတုံ့ပြန်မှု အထောက်အပံ့ချေးငွေများ၊ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ဘဏ္ဍာရေး အကူအညီများ၊ YBSခရီးသည်များအတွက် “Zero Virus Day” စသည် လူထုလှုပ်ရှားမှုများဖြင့် မြန်မာအစိုးရကို အကောင်းဆုံးအားထုတ်ကူညီပေးလျက်ရှိပါသည်။

COVID-19 အတွင်းအရေးပေါ်အထောက်အပံ့အပြင်၊ JICA သည်ရေပေးဝေရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော အခြေခံအဆောက်အအုံများအတွက်လည်း အကူအညီများပေးလျက်ရှိပါသည်။ “Master Plan for Water Supply, Sewerage and Drainage System in Yangon City” ရေးဆွဲရာတွင်ကူညီပေးခဲ့ပြီး၊ “Urgent Improvement of Water Supply System in Yangon City” အတွက် အကူအညီအထောက်အပံ့ကို လည်းပေးခဲ့ပါသည်။ ထိုနည်းတူစွာ “The Greater Yangon Water Supply Improvement Project” Phase I (Lagunbyin) and Phase II (Kokkowa) စသည့် ရေအရင်းအမြစ်အသစ်များရှာဖွေ၍ ရေပေးဝေရေး ကွန်ယက်တိုးချဲ့နိုင်ရန် အတိုးနှုန်းသက်သာသောချေးငွေစီမံကိန်းများကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) နှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ရေရှည် တည်တံ့သော လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လေ့ကျင့်သင်ကြားရေးနှင့် ဗဟုသုတ မျှဝေခြင်းအစီအစဉ်ကိုလည်း ဂျပန်ကျွမ်းကျင်သူများမှ တစ်ဆင့်ပြုလုပ်လျက်ရှိပါသည်။